**သတင်းထုတ်ပြန်ချက်**

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်**

# ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ENEOS Holding နှင့် အခြားကုမ္ပဏီများ နှုတ်ထွက်မှုအပေါ် အရေးကြီးမေးခွန်းများ

ဧပြီလ ၁၃ ရက်နေ့တွင် ENEOS Holdings (နောက်ပိုင်းတွင် "ENEOS" ဟု ရည်ညွှန်းသုံးစွဲမည်) သည် မြန်မာနိုင်ငံရှိ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ၎င်းတို့၏ နှုတ်ထွက်မှုနှင့်ပတ်သက်ပြီး တရားမဝင် စစ်အုပ်စုကို ရည်ညွှန်း၍ "မြန်မာအစိုးရ" က ဧပြီလ ၁၂ ရက်နေ့တွင် အတည်ပြုပေးခဲ့ပြီ ဖြစ်ကြောင်း ဧပြီလ ၁၃ ရက်နေ့က ထုတ်ပြန်ကြေညာ ခဲ့သည်။

ENEOS ၏ ယင်းကြေညာချက်တွင် သတင်းအချက်အလက်အနည်းငယ်သာပါရှိပြီး၊ ကုမ္ပဏီက "ကျွန်ုပ်တို့၏ စုပေါင်းဘဏ္ဍာရေးရလာဒ်များအပေါ် ယခုရောင်းချမှု၏ အကျိုးသက်ရောက်မှု အနည်းငယ်သာ ရှိမည်ဟု မျှော်လင့်ပါသည်" ဟု ဖော်ပြထားသည်။ သို့ရာတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏လမ်းညွှန်အခြေခံမူများ၊ OECD လမ်းညွှန်ချက်များအရ စီးပွားရေး လုပ်ငန်းမှ တာဝန်ယူမှုရှိစွာ နှုတ်ထွက်ရေးအတွက် ကုမ္ပဏီက လိုက်နာရမည့် တာဝန်ဝတ္တရားများကို ရည်ညွှန်းဖော်ပြထားမှုမရှိပေ။

မလေးရှားကုမ္ပဏီ Petronas သည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)၊ ထိုင်းကုမ္ပဏီ PTTEP နှင့် ENEOS ၏ လုပ်ငန်းခွဲ Nippon Oil Exploration (Myanmar) တို့နှင့် မိတ်ဖက် ဆောင်ရွက်မှုဖြင့် ရဲတံခွန်သဘာဝ ဓာတ်ငွေ့စီမံကိန်းတွင် အော်ပရေတာအဖြစ် ဆောင်ရွက်နေသည်။ Nippon Oil ၏ အခြားရင်းနှီးမြှုပ်နှံသူများသည် ဂျပန်အစိုးရနှင့် Mitsubishi Corporation တို့ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် Petronas ကုမ္ပဏီက စီမံကိန်းမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သော်လည်း၊ ၎င်းတို့ နုတ်ထွက်မှု၏ လက်ရှိအခြေအနေများ၊ မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို တာဝန်ရှိစွာ နုတ်ထွက်ရန်အတွက် ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်တစ်စုံတစ်ရာအပေါ် ထုတ်ပြန်ထားခြင်း မရှိပေ။

ENEOS နှင့် ၎င်းတို့မိတ်ဖက်များအနေဖြင့် တာဝန်သိစွာဖြင့် ရင်းနှီးမြှုပ်နှံမှုများ ရုတ်သိမ်းရန်၊ ပါဝင်သင့် ပါဝင်ထိုက်သူ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေး တိုင်ပင်မှုမှတဆင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် Mekong Watch၊ FoE Japan နှင့် Justice For Myanmar တို့က ပြီးခဲ့သည့်နှစ်တွင်လည်းကောင်း၊ ယခုနှစ်တွင်လည်းကောင်း အလေးအနက် တိုက်တွန်းခဲ့သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ တောင်းဆိုချက်များကို လျစ်လျူရှုခဲ့သည်။

မြန်မာနိုင်ငံမှ ထွက်ခွာရာတွင် ENEOS နှင့် ၎င်း၏ နိုင်ငံတကာမိတ်ဖက်များသည် စီမံကိန်းမှ အခွန်ဝင်ငွေများကို မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်သို့ မရောက်ရှိစေရေးလုပ်ဆောင်ရန်ကို ထင်ထင်ရှားရှား ပျက်ကွက်ခဲ့သည်။ ထို့အပြင် ENEOS နှင့် ၎င်း၏နိုင်ငံတကာမိတ်ဖက်များသည် ကုန်ခန်းလုနီးဖြစ်မည်ဟု ခန့်မှန်းထားသည့် အဆိုပါသဘာဝဓာတ်ငွေ့လုပ်ကွက်ကို ပိတ်သိမ်းရန် သင့်လျော်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ တရားမဝင်စစ်အုပ်စု၏ ထိန်းချုပ်မှု အောက်တွင်ရှိနေစဉ် MOGE သည် အဆိုပါသဘာဝဓာတ်ငွေ့လုပ်ကွက်ကို သဘာဝ ပတ်ဝန်းကျင်အပေါ် တာဝန်သိသောနည်းလမ်းဖြင့် ပိတ်သိမ်းမည်ဟု ယုံကြည်နိုင်ခြင်း မရှိပေ။

JFM မှရရှိသောအချက်အလက်များအရ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းကို ထိုင်းနိုင်ငံအခြေစိုက် Northern Gulf Petroleum အဖွဲ့၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် Gulf Petroleum Myanmar မှ လွှဲပြောင်းရယူလျက်ရှိသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့က GPM ဝဘ်ဆိုဒ်တွင် ဖော်ပြထားသည့် အချက်အလက်များအရ (ယင်းအချက် အလက်များကို ယခုအခါ ဖယ်ရှားပြီးဖြစ်) Northern Gulf Petroleum ကို အခွန်ကင်းလွတ်ခွင့်အထူးနိုင်ငံဖြစ်သည့် ဘာမြူဒါရှိ ဟန်ပြကုမ္ပဏီများမှတစ်ဆင့် ဖွဲ့စည်းတည်ထောင်ထားပြီး၊ စင်ကာပူနိုင်ငံတွင်လည်း ဦးပိုင်ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်ထားသည်။ ယင်းသည် စစ်အုပ်စုထံ ငွေပေးချေမှုများကို ကူညီဆောင်ရွက်ပေးနိုင်မည့် လျှို့ဝှက်သိုသိပ်သော စီရင်ခွင့်နယ်မြေကို အသုံးပြုသည့် ကော်ပိုရိတ်ဖွဲ့စည်းမှုတစ်ရပ် ဖြစ်သည်။ GPM ကုမ္ပဏီအား

လွှဲပြောင်းဆက်ခံသူအဖြစ် ရွေးချယ်မှုသည် ENEOS၊ ဂျပန်အစိုးရနှင့် Mitsubishi Corporation တို့အနေဖြင့် ၎င်းတို့၏ နှုတ်ထွက်မှုနှင့် ဆက်စပ်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် အပေါ် ဆိုးကျိုးများကို ရှာဖွေသတ်မှတ်ရန်၊ ကာကွယ်ရန်၊ လျှော့ချရန်နှင့် ပြန်လည်ကုစားရန်အတွက် လုံလောက်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း အဓိပ္ပါယ်သက်ရောက် သည်။

ENEOS၊ ဂျပန်အစိုးရနှင့် Mitsubishi Corporation တို့အနေဖြင့် မြန်မာနိုင်ငံမှ ၎င်းတို့၏ နှုတ်ထွက်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့လုပ်ဆောင်ခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့် ပြဋ္ဌာန်းချက်များ၊ ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ၎င်းတို့လုပ်ဆောင်မည့် လုပ်ငန်းအဆင့်ဆင့်များကို ၎င်းတို့၏ နိုင်ငံတကာ လူ့အခွင့်အရေးတာဝန်ဝတ္တရားများနှင့်အညီ ထုတ်ပြန်ပေးရန် တောင်းဆိုပါသည်။

**ဆက်သွယ်ရန်**

Yuka Kiguchi, Mekong Watch: info@mekongwatch.org

Yadanar Maung, Justice For Myanmar: media@justiceformyanmar.org